ROHINGYA LEAGUE FOR DEMOCRACY (BURMA)
ရိုဟင်ဂျာ ဒီမိုကရေစီ အဖွဲ့ချုပ် (မြန်မာနိုင်ငံ)
P.O Box: 122102, Jeddah- 21332
Kingdom of Saudi Arabia
Fax : +966 2 6650585
Cell : +966 55 721 3122
Email: info@rldb.org
www.rldb.org

ရက်စွဲ။ ဩဂုတ်လ (၆)ရက်၊ ၂၀၀၈ ခုနှစ်　　　　စာအမှတ်။ **19/RLDB-HQ/2008**

# (၈၈၈၈) ထုတ်ပြန်ကျေညာချက်

၈၊ ၈၊ ၈၈ (ခေါ်) ၈၈၈၈ (ခေါ်) ၈–လေးလုံး ရက်နေ့သည် မြန်မာ့နိုင်ငံရေးသမိုင်းတွင် မမေ့နိုင်လောက်သည့် သမိုင်း မှတ်ကျောက်တင်ခံရမည့် ရက်ကြီးတစ်ရက် ဖြစ်ပါသည်။

ဤနေ့၊ ဤရက်သည် မြန်မာ့ပိုင်နက် နယ်နိမိတ်အတွင်း နှစ်ပေါင်း (၂၆)နှစ် လုံးလုံး ဩဇာအာဏာ လွှမ်းမိုးခဲ့ရသော တစ်ပါတီအာဏာရှင်စနစ်နှင့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ (မဆလ) အား တစ်ချိန်တည်း၊ တပါတည်း အလုံးအရင်း နိဂုံးချုပ်စေနိုင်ခဲ့ပြီး၊ နေဝင်း၊ စိန်လွင်၊ မောင်မောင် စသော စစ်အာဏာရှင် လူသတ်သမားကြီးများ အား ဆက်တိုက်တော်လှန် ပြိုကျစေသည့်အပြင်၊ ကမ္ဘာ့အာဏာရှင်များအား ကြောက်ဒူးတုန်လှုပ်စေခဲ့သည့် နေ့ထူး တစ်ရက်လည်း ဖြစ်ပါသည်။

ထိုသို့အောင်မြင်မှုအဆင့်ဆင့်ကို ဖြတ်ကျော်ရင်း အသက်၊ သွေး၊ ချွေးပေါင်းစုံကို စတေးခံလိုက်ရသော တိုင်းချစ်ပြည်ချစ် သူရဲကောင်း ရဲဘော်ရဲဘက်၊ အာဇာနည် ရဲရဲတောက်များအား ဤရက်၊ ဤအချိန်ရောက်တိုင်း အကြိမ်ကြိမ် အလေးပြုလျက် ရှိပါကြောင်းနှင့် ရောက်လေရာဘုံအရပ်တွင် အေးချမ်းသာယာစွာ အနားယူနိုင်ကြ ပါရန် မေတ္တာသုတ်များ ရွတ်ဆိုပြီး ဆုမွန်ကောင်းများ ပို့သလေ့ရှိပါကြောင်း လျှောက်ထားလိုပါသည်။

တစ်ပါတီ အာဏာရှင်စနစ် ဖြုတ်ချရေး ---- ဒို့အရေး၊ ဒို့အရေး

ပါတီစုံဒီမိုကရေစီ ရရှိရေး ---- ဒို့အရေး၊ ဒို့အရေး

အရေးတော်ပုံ ---အောင်ရမည်၊ အောင်ရမည် – ဟူသော

အာဇာနည်ရဲဘော် သူရဲကောင်းများ၏ ကြွေးကြော်သံများအား ရင်ဝယ်ပိုက်လျက်၊ နောက်ဆက်တွဲအဖြစ်

စစ်အာဏာရှင်များ ဖြုတ်ချရေး ----- ဒို့အရေး၊ ဒို့အရေး

ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံသစ်ထူထောင်ရေး ----- ဒို့အရေး၊ ဒို့အရေး

ကြွေးကြော်သံများကို ဖြည့်စွက်ကာ အရေးတော်ပုံ အောင်မြင်သည်အထိ ပခုံးပြောင်းတာဝန်အဖြစ် ဆက်လက် တိုက်ပွဲဝင်သွားမည် ဖြစ်ပါကြောင်း ရိုဟင်ဂျာ ဒီမိုကရေစီ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ သစ္စာဆိုပြီး ဤသဘောထား ကျေညာချက်ကို အတိအလင်း ထုတ်ပြန်လိုက်ပါသည်။

ဤရက်၊ ဤအချိန်ရောက်တိုင်း အထက်ဖော်ပြပါ အောင်မြင်မှုများနှင့် အသက်စတေးခံသွားကြသော အာဇာနည်မျိုးချစ်များအား တမ်းတအောက်မေ့သည့် အခမ်းအနားများ နှစ်စဉ်ကျင်းပသွားပါရန် နိုင်ငံသူ၊ နိုင်ငံသားများ အားလုံးကို အသိပေးနှိုးဆော် တိုက်တွန်းလိုက်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့

ရိုဟင်ဂျာ ဒီမိုကရေစီ အဖွဲ့ချုပ် (မြန်မာနိုင်ငံ)

ဂျိဒ္ဒါးမြို့၊ ဆော်ဒီအာရေဗျနိုင်ငံ။